# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၀)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၅-၈-၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဒေါ်မေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၏ **ပရဟိတ ဘုန်းတော်ကြီး ကျောင်းများတွင် မှီခိုပညာသင်ကြားနေရသော မိမိနိုင်ငံသား တိုင်းရင်းသားမိဘမဲ့ကလေးငယ်များအား နိုင်ငံသားကတ်စိစစ်ထုတ်ပေးရေး အစီအစဉ်ရှိ၊ မရှိသိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် ၆၆/၁၁ KV၅ MVA ဓာတ်အားခွဲရုံတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် မဟာလျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ် ဇေးလံ ခေါင်သီသည့် တောင်ပေါ်ဒေသရှိ(၅)မိုင် ပတ်လည်အတွင်း သဘာဝသစ်တောများအား အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံ ပြည်သူများကိုယ်တိုင် ဥပဒေနှင့်အညီ ပိုင်းဝန်းပူးပေါင်း ကာကွယ် ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော ပန်းညိုကြိုးပြင် ကာကွယ်တောအတွင်းမှ ကျန်ရှိနေသော ကိုင်းမြေနှင့် ဥယျာဉ်ခြံမြေအား မူလလုပ်ကိုင်ခဲ့သော တောင်သူများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပြုရန်နှင့် ပိုင်ဆိုင်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။